# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၅ ရက်

**COVID– 19 ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ Video Conferencing စနစ်ဖြင့် အမှုများကြားနာစီရင်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်ကိစ္စ**

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းထားသော ရာဇဝတ်ဆိုင်ရာ မှုခင်းများ၊ တရားမဆိုင်ရာမှုခင်းများ၊ စာချွန်တော် ဆိုင်ရာ မှုခင်းများ စီရင်ချက်ချမှတ်ခြင်း၊ ကြားနာခြင်းတို့ကို Video Conferencing စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး၊ Coronavirus Disease 2019 (COVID– 19) ကာကွယ် ၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီမှ အသွားအလာကန့်သတ်ချက်များ ရုပ်သိမ်းပြီးနောက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ဤကိစ္စအလို့ငှာ အမိန့်တစ်စုံတစ်ရာ ထပ်မံထုတ်ပြန်သည့် အချိန် အထိ ဤကြေညာချက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

## စီရင်ချက်ချမှတ်ခြင်း

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စီရင်ချက်ချမှတ်မည့်အမှုများစာရင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး Website ( www.unionsupremecourt.gov.mm) နှင့် Facebook ( ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်သူ့ဆက်ဆံရေး ဌာနခွဲ) စာမျက်နှာများတွင် (၇) ရက်ကြိုတင်ကြေညာထားမည်ဖြစ်သည်။

၃။ စီရင်ချက်ချမှတ်ခြင်းကို Video Conferencing စနစ်ဖြင့်ဆောင်ရွက်မည် ဖြစ်၍ သက်ဆိုင်ရာအမှုသည်များ ၊ ရှေ့နေများအနေဖြင့် တိုက်ရိုက်ဝင်ရောက်ကြည့်ရှု နိုင်မည်ဖြစ်သည်။ အဆိုပါ link များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး Website နှင့် Facebook စာမျက်နှာများတွင် ကြိုတင်ကြေညာထားမည်ဖြစ်သည်။

**ကြားနာခြင်း**

၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ကြားနာမည့် အမှုများစာရင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး Website နှင့် Facebook စာမျက်နှာများတွင် ရက်သတ္တပတ်(၃)ပတ်ကြိုတင်၍ ကြေညာမည်ဖြစ်သည်။

၅။ အမှုများကြားနာခြင်းကို Video Conferencing စနစ်ဖြင့် ဆောင်ရွက်ရာတွင် အမှုသည်များ၊ ရှေ့နေများအနေဖြင့် တင်သွင်းလိုသည့် ရေးသားလျှောက်လဲချက်များကို ကြားနာမည့်ရက်မတိုင်မီအနည်းဆုံး(၅)ရက်ကြိုတင်၍ အောက်ဖော်ပြပါ e-Mail များသို့ ပေးပို့ထားရန်ဖြစ်သည်-

- ရာဇဝတ်ဆိုင်ရာ မှုခင်းများအတွက် CrJDP @ usc. gov.mm
- တရားမဆိုင်ရာ မှုခင်းများအတွက် CJDP @ usc. gov.mm
- စာချွန်တော်ဆိုင်ရာမှုခင်းများအတွက် WDP@ usc. gov.mm

၆။ e-Mail ဖြင့်ပေးပို့ရာတွင် ရောက်ရှိကြောင်း အတည်ပြုနိုင်ရန်အတွက် အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းဆောင်ရွက်ရန်ဖြစ်သည်-

- ပြစ်မှုတရားစီရင်ရေးဌာန ၀၆၇ - ၃၄၃၀၃၅၇
- တရားမတရားစီရင်ရေးဌာန ၀၆၇ - ၃၄၃၀၃၃၉
- စာချွန်တော်ဌာန ၀၆၇ - ၃၄၃၀၅၂၈

၇။ Video Conferencing စနစ်ဖြင့် အမှုများလျှောက်လဲခြင်း၊ ကြားနာခြင်းပြုရန်အတွက် သက်ဆိုင်ရာ အမှုသည်များ၊ ရှေ့နေများသည် Internet Access ရရှိပြီး Video Conferencing ချိတ်ဆက်အသုံးပြုနိုင်မည့် Device တစ်ခုရှိရမည်။ မိမိအသုံးပြုမည့် Deviceတွင် Zoom Application အားကြိုတင်ထည့်သွင်းထားရမည်။

၈။ လျှောက်လဲချက်ပေးမည့် ရှေ့နေ၏ တရားလွှတ်တော် ရှေ့နေဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်ကို Colour Scan ဖတ်ပြီး လျှောက်လဲချက်နှင့်အတူ တစ်ပါတည်း ပေးပို့ရမည်ဖြစ်သည်။ အဆိုပါ လက်မှတ်၌ သက်ဆိုင်ရာရှေ့နေ၏ ဓာတ်ပုံပါရှိခြင်းမရှိပါက တရားလွှတ်တော်ရှေ့နေဝတ်စုံပြည့်ကိုယ်တစ်ပိုင်းဓာတ်ပုံကို Colour Scanဖတ်၍ ပေးပို့ရန်ဖြစ်သည်။

၉။ အမှုသည်ကိုယ်တိုင်လျှောက်လဲမည်ဆိုပါက အဆိုပါလျှောက်လဲချက်တွင် အမှုသည်၏လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် မိုဘိုင်းဖုန်းနံပါတ်တို့ကို ပြည့်စုံစွာဖော်ပြရန်ဖြစ်သည်။ ၄င်းအပြင် နိုင်ငံသားစိစစ်ရေး

ကတ်ပြားနှင့် ကိုယ်တစ်ပိုင်းရောင်စုံဓာတ်ပုံ(လက်ရှိအနေအထား) တို့ကို Colour Scan ဖတ်၍ ပေးပို့ရန်ဖြစ်သည်။

၁၀။ သက်ဆိုင်ရာ အမှုသည်များ၊ တရားလွှတ်တော်ရှေ့နေများ အနေဖြင့် လျှောက်လဲချက်များနှင့်ပေးပို့ရမည့်အချက်အလက်များကို မိမိတို့အမှန်အသုံးပြုသော e-Mail ဖြင့် ပေးပို့ကြရန်ဖြစ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမှုကြားနာခြင်း နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ Video Conferencing စနစ်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို အဆိုပါ e-Mail သို့ ပြန်လည်အကြောင်းကြားပေးပို့မည်ဖြစ်သည်။ ယင်းသို့ကြိုတင်ပေးပို့ခြင်း မရှိပါက Video Conferencing စနစ်ဖြင့် ကြားနာခြင်းတွင် လုံးဝဝင်ရောက်ဆောင်ရွက် နိုင်မည်မဟုတ်ပါ။

၁၁။ သက်ဆိုင်ရာအမှုသည်များ၊ တရားလွှတ်တော်ရှေ့နေများ အနေဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပေးပို့သည့်အချက်အလက်များ လုံခြုံမှုရှိစေရေး အတွက် အထူးသတိပြု ဆောင်ရွက်ရန်ဖြစ်သည်။

၁၂။ Video Conferencing စနစ်ဖြင့် လျှောက်လဲချက်ပေးမည့် တရားလွှတ်တော် ရှေ့နေများ၊ အမှုသည်များသည် တရားခွင်မစတင်မီ မိနစ်(၃၀)ခန့် ကြိုတင်၍ Video Conferencing စနစ်သို့ ဝင်ရောက်ချိတ်ဆက်သတင်းပို့ရန်ဖြစ်သည်။

၁၃။ Video Conferencing စနစ်ဖြင့် ကြားနာမှုများကို အသံသွင်းယူခြင်း (Recording) ၊ သိမ်းဆည်းမှတ်တမ်းယူခြင်း (Storing) ၊ ကူးယူခြင်း (Copying) ၊ တိုက်ရိုက် အသံလွှင့်ခြင်း (Live Broadcasting or Live Streaming) မပြုလုပ်ရ။

၁၄။ Video Conferencing စနစ်ဖြင့် ကြားနာမှုတွင် လျှောက်လဲချက်ပေးသူမှအပ အခြားမည်သူတစ်ဦးတစ်ယောက်မှ ဝင်ရောက်ပြောဆိုခြင်း၊ ဆွေးနွေးခြင်း၊ နှောင့်ယှက်ခြင်း မပြုလုပ်ရ ။ မိမိလျှောက်လဲချိန်မှတစ်ပါး ကျန်အချိန်များတွင် အသံပိတ်ထားခြင်းအနေ အထား ( Mute position ) ၌ ထားရှိရမည်။

၁၅။ Internet လိုင်းပြတ်တောက်သွား၍ Video Conferencing စနစ်သို့ ချက်ချင်း ပြန်လည်ဝင်ရောက်နိုင်ခြင်း မရှိပါကအပိုဒ်(၆) တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်၍ မည်သို့ဆက်လက်ဆောင်ရွက်လိုသည်ကို အကြောင်းကြားရန်ဖြစ်သည်။

၁၆။ Video Conferencing စနစ်ဖြင့် လျှောက်လဲရာတွင် အမှုသည်များ၊ တရား လွှတ်တော်ရှေ့နေများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားခွင်၌ လျှောက်လဲ မှုပြုသကဲ့သို့ ဝတ်စားဆင်ယင်လျှောက်လဲကြရန်ဖြစ်သည်။

**အထွေထွေ**

၁၇။ ကြားနာမည့်အမှုများမှ တရားလွှတ်တော်ရှေ့နေများ၊ အမှုသည်များသည် Video Conferencing စနစ်ဖြင့် ကြားနာခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိပါက အပိုဒ်(၆)ပါ သက်ဆိုင်ရာတယ်လီဖုန်းနံပါတ်များသို့ ကြားနာမည့်ရက်မတိုင်မီ အနည်းဆုံး(၅)ရက် ကြိုတင်၍ အကြောင်းကြားရန် ဖြစ်သည်။

၁၈။ Video Conferencing စနစ်ဖြင့် ကြားနာခြင်းနှင့် စပ်လျဉ်း၍ မရှင်းလင်းသည်များရှိပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ e- Government ဌာန (ဖုန်းအမှတ် ၀၆၇-၃၄၃၀၅၂၆ ) သို့ ဆက်သွယ်မေးမြန်းစုံစမ်းရန်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်